

# 2018
# 2019
# CITIZEN'S BUDGET

၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

## အရအသုံးခန့်မှန်းခြေ

## ငွေစာရင်းဆိုင်ရာ

# အချက်အလက်များ



Design:Nyo Ko Naing ( Katha)

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

# အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင်

# (Citizen's Budget)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

# ဥပဒေရှင်း

၁။ ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အတူ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ၁၃-၇-၂၀၁၈ ရက်နေ့တွင်ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈) ဖြင့် အတည်ပြုခဲ့ပြီး ၂၃-၇-၂၀၁၈ ရက်နေ့တွင်ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၎င်းကို ပြည်ထောင်စုလွှတ်တော်က ၁၃-၉-၂၀၁၈ ရက်နေ့တွင် အတည်ပြုခဲ့ပြီး ၂၁-၉-၂၀၁၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကိုလည်း ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှစ၍ အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ပြောင်းလဲကျင့်သုံးမည် ဖြစ်ပါသည်။

၂။ နှစ်စဉ်အမျိုးသားစီမံကိန်းနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းများကိုရေးဆွဲရာတွင် အခြေခံရမည့် **မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP)** ကို ၂၀၁၈ခုနှစ်၊ ဩဂုတ်လအတွင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ဌာနအဖွဲ့အစည်းများအနေဖြင့် အဆိုပါ စီမံကိန်းပါလုပ်ငန်းစဉ်များ၊ မဟာဗျူဟာများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဖြင့် အတည်ပြု ပြဋ္ဌာန်းထားသည့် ပြည်သူ့ဘဏ္ဍာငွေများကို အကျိုးရှိရှိ ထိထိရောက်ရောက်ဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ခွင့်ပြုထားသည့် ဘဏ္ဍာငွေများကိုသတ်မှတ်ထားသည့်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်။ ဆောင်ရွက်ပြီးစီးမှုများကို ဌာနတွင်းစာရင်းစစ်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ စစ်ဆေးမှုကို စနစ်တကျခံယူဆောင်ရွက်ကြရန်လိုအပ်မည် ဖြစ်ပါသည်။ ပြည်သူ့ဘဏ္ဍာသည် ပြည်သူပိုင်သော ဘဏ္ဍာဖြစ်သည်နှင့်အညီ ပြည်သူ့ထံသို့ပွင့်လင်းမြင်သာစွာ ချပြရမည် ဖြစ်ပေသည်။

၄။ သို့ပါ၍ **ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ၊ နှစ်စဉ်ဘဏ္ဍာငွေများတွင် အခွန်အသုံးပြုမှုကိုရှင်းလင်းခြင်းနှင့် အခြားသော တိုင်းတာချက်များကို ဆက်လက်ထုတ်ပြန်ခြင်းတို့ အပါအဝင် ဘဏ္ဍာငွေအားလုံး ပွင့်လင်းမြင်သာမှု သိသာစွာတိုးတက်စေရန်** ဟူသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံတော်အနေဖြင့် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို အခြေခံ၍ ပြည်သူ့ဘဏ္ဍာငွေကို မည်သို့ ခွဲဝေသုံးစွဲမည်ကို ပြည်သူများ သိရှိနိုင်ရန်အလို့ငှာ ဤ Citizen's Budget စာစောင်ကို ထုတ်ဝေလိုက်ပါသည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# မာတိကာ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| **အပိုင်း(၁)** | **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စီးပွားရေးနှင့် ဘဏ္ဍာရေးကောက်နုတ်ချက်** | | **၁** |
| | ၁။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ စီးပွားရေးအခြေအနေအကျဉ်းချုပ် | ၁ |
| | ၂။ | မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) မှ ကောက်နုတ်ချက် | ၂ |
| | ၃။ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အတွက်စီးပွားရေး အခြေအနေ ရှေ့အလားအလာနှင့် ခြုံငုံသုံးသပ်ချက်များ | ၃ |
| | ၄။ | ဘဏ္ဍာရေးမူဝါဒ | ၄ |
| | ၅။ | ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ် | ၅ |
| | ၆။ | Citizen's Budget ဆိုသည်မှာ | ၆ |
| | ၇။ | နိုင်ငံတကာတွင် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို တိုင်းတာသည့် ဘတ်ဂျက်ဆိုင်ရာ စာစောင် (၈) စောင် | ၇ |
| | ၈။ | မြန်မာ့ဘတ်ဂျက်ပွင့်လင်းမြင်သာမှု | ၇ |
| **အပိုင်း(၂)** | **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း** | | **၈** |
| | ၁။ | ပြည်ထောင်စု နှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း | ၈ |
| | ၂။ | ပြည်ထောင်စု၏ ရငွေသုံးငွေအခြေအနေ | ၉-၁၀ |
| | ၃။ | ပြည်ထောင်စု၏ ရငွေများခန့်မှန်းချက် | ၁၁ |
| | ၄။ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရရှိမှုရာခိုင်နှုန်း | ၁၂ |
| | ၅။ | ကောက်ခံရရှိမည့် အခွန်ရငွေအပေါ် ပါဝင်မှုရာခိုင်နှုန်း | ၁၂ |
| | ၆။ | ပြည်ထောင်စု၏ အခွန်အကောက်ရငွေ ခန့်မှန်းချက် | ၁၃ |
| | ၇။ | ပြည်ထောင်စု၏ သုံးငွေများ ခန့်မှန်းချက် | ၁၄ |
| | ၈။ | ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း | ၁၅ |
| | ၉။ | ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေတို့ဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်း အသုံးစရိတ်များ | ၁၆ |
| **အပိုင်း(၃)** | **နိုင်ငံတော်၏ကြွေးမြီအခြေအနေ** | | **၁၇** |
| | ၁။ | ပြည်တွင်းပြည်ပ ကြွေးမြီလက်ကျန်အခြေအနေ | ၁၇ |
| | ၂။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်လိုငွေဖြည့်ဆည်းရန်အတွက်လျာထားချက် | ၁၇ |
| **အပိုင်း(၄)** | **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အသုံးစရိတ်ကောက်နုတ်ချက်များ** | | **၁၈** |
| | ၁။ | ပညာရေးအသုံးစရိတ်မှ ကောက်နုတ်ချက် | ၁၈-၁၉ |
| | ၂။ | ကျန်းမာရေးအသုံးစရိတ်မှကောက်နုတ်ချက် | ၂၀ |
| | ၃။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသုံးစရိတ်မှ ကောက်နုတ်ချက် | ၂၁ |

## မာတိကာ

စာမျက်နှာ


၄။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အသုံးစရိတ်မှ ကောက်နုတ်ချက် ၂၂

၅။ စုစုပေါင်းအသုံးစရိတ်တွင် ပညာရေး၊ ကျန်းမာရေးနှင့်အာဟာရ အသုံးစရိတ်များ ပါဝင်မှု ရာခိုင်နှုန်း ၂၃

၆။ လူမှုရေးပင်စင်ကာတွန်း ၂၃

**အပိုင်း(၅) ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း** ၂၄

၁။ တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရအသုံးခန့်မှန်းချက် ၂၄

၂။ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ရငွေ (ပြည်ထောင်စုမှလိုငွေဖြည့်ဆည်းပေးပြီး) အခြေအနေ ၂၅

၃။ တိုင်းဒေသကြီး/ ပြည်နယ်များ၏ အသုံးစရိတ် အခြေအနေ ၂၆

၄။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှတိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်း ထောက်ပံ့ခြင်း ၂၇

**အပိုင်း(၆) ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** ၂၈

၁။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း ၂၈

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ ၂၈

၃။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ ဘဏ္ဍာရေးနှစ်အလိုက် အခွန်နှင့် ထည့်ဝင်ငွေအခြေအနေ ၂၉

၄။ တွင်းထွက် သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ပတ်သက်သည့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ရငွေ၊သုံးငွေခန့်မှန်းခြေ ၂၉

၅။ နိုင်ငံတော်သို့ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေ ခန့်မှန်းချက်များ ၂၉

၆။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အောက်ရှိ UFA-OA (Other Account) လက်ကျန် အခြေအနေအရ အသုံးစရိတ်ကျခံသုံးစွဲရမည့် အခြေအနေ ၃၀-၃၁

**အပိုင်း(၇) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့** ၃၂

၁။ ဘဏ္ဍာရေးနှစ်အလိုက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရငွေ၊ သုံးငွေ အခြေအနေ ၃၂

၂။ သာမန်အသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း ၃၂

၃။ ကမ်းလွန်လုပ်ကွက် စီမံကိန်းများအလိုက် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ၃၃

၄။ ရေနံနှင့်သဘာဝဓာတ်ငွေ့မှ ရငွေများခန့်မှန်းခြေ ၃၃

၅။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ (ကုန်းတွင်း၊ ကမ်းလွန်၊ ပိုက်လိုင်းသယ်ပို့ခြင်း)မှ ရငွေများတွင်ပါဝင်မှု ရာခိုင်နှုန်း ၃၄

## အပိုင်း(၁)

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စီးပွားရေးနှင့် ဘဏ္ဍာရေးကောက်နုတ်ချက်

### ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏စီးပွားရေးအခြေအနေအကျဉ်းချုပ်

- ❖ ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို **ကျပ် ၁၀၆,၀၉၆ ဘီလီယံ** ဟု ခန့်မှန်းသည်။
- ❖ စီးပွားရေးတိုးတက်မှုနှုန်းကို **၇.၆ %** ဟု ခန့်မှန်းသည်။
- ❖ **၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်** တွင် -
  - (၁) ပြည်ထောင်စု၏ စုစုပေါင်းရငွေကို **ကျပ် ၁၉,၉၄၆ ဘီလီယံ** ဟုခန့်မှန်းသည်။
  - (၂) ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်ကို **ကျပ် ၂၄,၇၂၄ ဘီလီယံ** ဟုခန့်မှန်းသည်။
  - (၃) ထို့ကြောင့် ပြည်ထောင်စု၏ စုစုပေါင်းလိုငွေမှာ **ကျပ် ၄,၇၇၈ ဘီလီယံ** ဟု ခန့်မှန်းသည်။
  - (၄) တိုင်းဒေသကြီး/ ပြည်နယ်များ၏ လိုငွေ ကျပ် ၁,၇၉၄ ဘီလီယံကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းထားပြီးဖြစ်ပါသည်။
- ❖ လိုငွေနှင့် ဂျီဒီပီအချိုးမှာ **၄.၅၀ %** ဖြစ်သည်။
- ❖ ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ်အတွက်ပြည်ထောင်စု၏ အခွန်အကောက်ရငွေ စုစုပေါင်း **ကျပ် ၇,၅၇၆ ဘီလီယံ** ဟု ခန့်မှန်းသည်။
- ❖ ပြည်ထောင်စု၏အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးမှာ **၇.၁၄%** ဟု ခန့်မှန်းသည်။
- ❖ ပြည်ပပို့ကုန်တန်ဖိုးခန့်မှန်းချက် ကျပ် ၂၀,၈၀၈ ဘီလီယံ
- ❖ ပြည်ပသွင်းကုန်တန်ဖိုးခန့်မှန်းချက် ကျပ် ၂၁,၄၈၈ ဘီလီယံ
- ❖ ကုန်သွယ်မှုလိုငွေခန့်မှန်းချက် ကျပ် ၆၄၀ ဘီလီယံ
- ❖ နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၇၁,၇၅၇.၉ ဘီလီယံဖြစ်ပေါ်ရန် ခန့်မှန်းပါသည်။
- ❖ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၄.၁၀%နှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း၄.၈၁%ရှိမည်ဟု ခန့်မှန်းထားပါသည်။
- ❖ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရေးဆွဲရာ၌ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ၏ ငွေကြေးလဲလှယ်နှုန်းကို ၁,၃၆၀ ကျပ် ဖြင့် ရေးဆွဲထားသည်။
- ❖ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ပြည်တွင်းပြည်ပမှ ချေးငွေရယူနိုင်သည့် ပမာဏမှာကျပ် ၇,၂၀၀ ဘီလီယံ (ကျပ်သန်းပေါင်း ခုနစ်ဆယ့်နှစ်သိန်း) ထက်မပိုရန် ဖြစ်ပါသည်။

ဓာတ်ပြစ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀) (Myanmar Sustainable Development Plan- MSDP) မှ ကောက်နုတ်ချက်

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည် ငြိမ်းချမ်း၍ သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံဖြစ်စေမည့် ကာလရှည်မျှော်မှန်းချက်ဖြစ်ပါသည်။ စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မူဝါဒများနှင့် အဖွဲ့အစည်းများအကြားအပြန်အလှန်ညီညွတ်မှုရှိရေး ရည်ရွယ်ချက်အပေါ်အခြေခံ၍ ပြုပြင်ပြောင်းလဲမှုများအား ရှင်သန်တက်ကြွလာစေရန်နှင့် လုပ်ငန်းစဉ်များကို ရဲဝင့်စွာဆောင်ရွက်နိုင်ရန်အတွက် MSDP ကို ရေးဆွဲထားခြင်းဖြစ်ပါသည်။

MSDP ကို မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းအစီအစဉ် ၂၅၁ ခု တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ယင်းအချက်များအားလုံးသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ချက်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ မဲခေါင်ဒေသတွင်း မဟာဗျူဟာမူဘောင်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အခြားသော ဒေသတွင်းကတိကဝတ် သဘောတူညီမှုများနှင့် ကိုက်ညီမှုရှိပါသည်။

**ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီ မြန်မာနိုင်ငံ**

| ပန်းတိုင် (၁) | ပန်းတိုင် (၂) | ပန်းတိုင် (၃) | ပန်းတိုင် (၄) | ပန်းတိုင် (၅) |
|---|---|---|---|---|
| ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည် သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု | စီးပွားရေး တည်ငြိမ်မှုနှင့် ခိုင်မာ အားကောင်းသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု | အလုပ်အကိုင် ဖန်တီးရေး နှင့် ပုဂ္ဂလိက ကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးရေး | ၂၁ ရာစု လူမှုအသိုက်အဝန်း အတွက် လူသား အရင်းအမြစ်များ နှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး | နိုင်ငံ၏အနာဂတ် မျိုးဆက်များ အတွက် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် |
| မဏ္ဍိုင် (၁) ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု | | မဏ္ဍိုင် (၂) သာယာဝပြောမှု နှင့် ပူးပေါင်းဆောင်ရွက်မှု | မဏ္ဍိုင် (၃) ပြည်သူများ နှင့် ကမ္ဘာမြေ | |

ပန်းတိုင် ၅ ခုအနက် ပန်းတိုင် ၂ ဖြစ်သည့် စီးပွားရေးတည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရိုစီးပွားရေးစီမံမှုတွင် အောက်ပါမဟာဗျူဟာ ၅ ခုပါဝင်ပါသည်-

- နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းကို ထိရောက်စွာစီမံခန့်ခွဲခြင်း၊
- ငွေကြေးဖောင်းပွမှုကို လျှော့ချခြင်းနှင့် ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းခြင်း၊
- မျှတ၍ပွင့်လင်းမြင်သာပြီးစွမ်းရည်ပြည့်ဝသည့်အခွန်စနစ်ဖြင့် ပြည်တွင်းအခွန်ရရှိမှုတိုးမြှင့်ခြင်း၊
- အရင်းအမြစ်များကို တည်ငြိမ်စွာနှင့် စွမ်းရည်ပြည့်ဝစွာ ခွဲဝေနိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုကို အားကောင်းခိုင်မာစေခြင်း၊
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း။

ဇာစ်မြစ်။ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အတွက် စီးပွားရေးအခြေအနေ ရှေ့အလားအလာနှင့် ခြုံငုံသုံးသပ်ချက်များ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှစက်တင်ဘာလအထိ အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၀၆,၀၉၆,၃၃၅.၈ သန်း ရရှိရန်နှင့် စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၂.၉ ရာခိုင်နှုန်း၊စက်မှုကဏ္ဍကြီးတွင် ၉.၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈.၈ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တွင် စီးပွားရေး ဖွဲ့စည်းမှု ပုံသဏ္ဍာန်အနေဖြင့် လယ်ယာကဏ္ဍကြီးတွင် ၂၁.၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၇.၃ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၄၀.၈ ရာခိုင်နှုန်းဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။ လူတစ်ဦးစီ၏ ပျှမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို **ကျပ် ၁,၉၇၈,၄၈၆** ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

လယ်ယာကဏ္ဍကြီးတွင်အဓိကအားဖြင့် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုကောင်းမွန်မည့် အလားအလာရှိခြင်း၊ အသားနှင့်ငါးထုတ်လုပ်မှုတွင် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့တင်ပို့ရန်နှင့် ပြည်တွင်း၌ပင် ထပ်ဆင့်တိုးတန်ဖိုး ရရှိရေး ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားပါသည်။

စက်မှုကဏ္ဍကြီးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်းနှင့်အတူ ငွေကြေးအရင်းအနှီး လိုအပ်သည့် စီးပွားရေး အခြေခံလုပ်ငန်းများသို့ နှစ်လတ်ချေးငွေများ ထုတ်ချေးခြင်းနှင့် ပုဂ္ဂလိကလုပ်ငန်းများအား အားပေးမြှင့်တင်ခြင်းတို့ကြောင့် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် အထူးသဖြင့် စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးလာခြင်း နှင့်အတူ ထုတ်လုပ်မှုများ ပိုမိုထွက်ရှိမည်ဟု ရည်မှန်းထားပါသည်။ ထို့အပြင် အခြေခံအဆောက်အအုံများ အသစ် ဆောက်လုပ်ခြင်းနှင့်အဆင့်မြှင့်တင်ရေးလုပ်ငန်းများ၊ တန်ဖိုးနည်းအိမ်ရာများ ဆောင်ရွက်ရန် လျာထားပါသည်။

ဝန်ဆောင်မှုကဏ္ဍကြီးတွင်နိုင်ငံတစ်ဝန်း ဆောင်ရွက်ပြီးဖြစ်သည့်လမ်းကွန်ရက်များ ကောင်းမွန်လာခြင်းကြောင့် ရာသီမရွေး ခရီးသည်နှင့်ကုန်စည်ဝန်ဆောင်မှုများ လျှင်မြန်သွက်လက်လာခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေး ပိုမိုလျှင်မြန် လွယ်ကူလာသည်နှင့်အမျှ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရန်၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အားကောင်း လာခြင်းနှင့်ပြည်သူများ၏ ယုံကြည်မှုများ ရရှိလာခြင်းမှတစ်ဆင့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးရန်၊ ပြည်တွင်းပြည်ပ ကုန်သွယ်ရေးကဏ္ဍပိုမို ဖွံ့ဖြိုးရန်ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများတိုးတက်ရန် မျှော်မှန်းထားပါသည်။

၂၀၁၈ ခုနှစ်၊ လက်ရှိနှစ်တွင် ဒေသအချို့၌ သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သော်လည်း နိုင်ငံတော်က အလျင်အမြန် ပြည်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ မကြာသေးမီကာလအတွင်း အမေရိကန် ဒေါ်လာတန်ဖိုးမြင့်တက်ခြင်းနှင့်အတူ နိုင်ငံအများစု၏ ငွေကြေးတန်ဖိုးကျဆင်းခြင်း ဖြစ်ပေါ်လျက်ရှိပြီး၊ မြန်မာနိုင်ငံ အနေဖြင့်လည်း ကျပ်ငွေတန်းဖိုး ကျဆင်းခြင်းကြောင့် သွင်းကုန်ဈေးနှုန်းများ မြင့်တက်မှုဒဏ်ကို အနည်းနှင့်အများ ခံစားရလျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (SMEs) များ ဖွံ့ဖြိုးတိုးတက် ရေး၊ ပြည်သူများ၏ လူမှုဘဝလုံခြုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ ပြည်သူများ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီ တိုးတက်ရရှိရေးတို့ကို မျှော်မှန်းထားပါသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ မူဝါဒအရ ဦးစားပေးဆောင်ရွက်မည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ စီးပွားရေးတည်ငြိမ်မှုနှင့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု ခိုင်မာအားကောင်းစေမည့် အစီအမံများ၊ လူ့စွမ်းအားအရင်း အမြစ်များ တိုးတက်စေရန်နှင့် ရေရှည်တည်တံ့စေမည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် တိုးတက်ရေးတို့ကို အလေးထားပေါင်းစပ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်း ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

# ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

- ပြည်ထောင်စုအစိုးရကနိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးပြုစေမည့် အသုံးစရိတ်များကို သုံးစွဲနိုင်ရန် ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊
- ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေမည့် နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသည့် အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်၊
- အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှု တို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊
- သဘာဝပတ်ဝန်းကျင်နှင့် တွင်းထွက်သယံဇာတများ ထိန်းသိမ်းရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေး တို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်။

## အသုံးစရိတ်မူဝါဒ

- ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက် တိုးမြှင့်သုံးစွဲရန်၊
- ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊
- အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုစေမည့် အသုံးစရိတ်များအား ခွဲဝေချထားရန်၊
- ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျစိစစ်ခွင့်ပြုရန်၊
- စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲခြားပြီး လတ်တလော ဆောင်ရွက်ရန် မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊
- ပစ္စည်းဝယ်ယူမှုများကိုစနစ်တကျ စိစစ်ဆောင်ရွက်ရန်နှင့် ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့် ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာဝယ်ယူပြီး နိုင်ငံခြားငွေသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချရန်၊
- ပြည်ပအကူအညီရငွေနှင့်ပြည်ပချေးယူရငွေများကို စိစစ်ရယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အကျိုးရှိ ထိရောက်စွာ ခွဲဝေသုံးစွဲရန်၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်။

# ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ်

| စဉ် | အကြောင်းအရာ | အချိန်ဇယား |
|---|---|---|
| ၁။ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘတ်ဂျက်အမှာစာထုတ်ပြန်ခြင်း | ဖေဖော်ဝါရီလ တတိယပတ် |
| ၂။ | ဌာနများက ဘတ်ဂျက်များ နောက်ဆုံးထားပေးပို့ရမည့်ရက် | မတ်လ တတိယပတ် |
| ၃။ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီနှင့် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း)တို့က စိစစ်ခြင်းနှင့်စာရင်းပေါင်းချုပ်ခြင်း | မတ်လတတိယပတ်မှ ဧပြီလဒုတိယပတ်ထိ |
| ၄။ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစီး၍ ဌာနအဖွဲ့အစည်းများနှင့် ဘတ်ဂျက်အစည်းအဝေး ပြုလုပ်ခြင်းနှင့် ဒုတိယဝန်ကြီးစိစစ်ပြီး စာရင်းများကို ဌာနအဖွဲ့အစည်းများက ပြန်လည်ပေးပို့ခြင်းနှင့် စာရင်းပေါင်းချုပ်ခြင်း | ဧပြီလတတိယပတ်မှ မေလပထမပတ်ထိ |
| ၅။ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စိစစ်ခြင်းနှင့် စိစစ်ပြီးသော စာရင်းများကို ဌာနအဖွဲ့အစည်းများက ပြန်လည်ပေးပို့ခြင်း | မေလဒုတိယပတ်မှ တတိယပတ်ထိ |
| ၆။ | ဒုတိယသမ္မတများကစိစစ်ခြင်းနှင့် စိစစ်ပြီးစာရင်းများကို ဌာနအဖွဲ့အစည်းများက ပြန်လည်ပေးပို့ခြင်းနှင့်စာရင်းပေါင်းချုပ်ခြင်း | မေလစတုတ္ထပတ်မှ ဇွန်လပထမပတ်ထိ |
| ၇။ | စီးပွားရေးရာကော်မတီသို့တင်ပြခြင်း | ဇွန်လဒုတိယပတ် |
| ၈။ | ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးကျင်းပခြင်း | ဇွန်လတတိယပတ် |
| ၉။ | ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြခြင်း | ဇွန်လတတိယပတ် |
| ၁၀။ | ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ဌာနများသို့ ဘတ်ဂျက်စာအုပ်များ တောင်းခံခြင်းနှင့် ဌာနများက ပြန်လည်ပေးပို့ခြင်း | ဇွန်လစတုတ္ထပတ်မှ ဇူလိုင်လပထမပတ်ထိ |
| ၁၁။ | ပြည်ထောင်စုအစိုးရအဖွဲ့ကအဆိုပြုဘတ်ဂျက်အား ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ခြင်း | ဇူလိုင်လပထမပတ် |
| ၁၂။ | ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း | ဇူလိုင်လ ၁၅ ရက်နေ့ မတိုင်မီ |
| ၁၃။ | ပြည်ထောင်စုလွှတ်တော်ကအတည်ပြုခြင်း | စက်တင်ဘာလ တတိယပတ် |
| ၁၄။ | ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်း | စက်တင်ဘာလ မကုန်မီ |

# Citizen's Budget 2018 - 2019

## Citizen's Budget ဆိုတာဘာလဲ...

Citizen's Budget ဆိုသည်မှာ နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေ၊ အခွန်အကောက် ရငွေ၊ စုစုပေါင်းအသုံးစရိတ်၊ ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေး နှင့် ကျန်းမာရေးအသုံးစရိတ်၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ဘတ်ဂျက် စသည်တို့ကို ရှင်းလင်းလွယ်ကူစွာ သိမြင်နိုင်စေရန် အနှစ်ချုပ်ပြုစုတင်ပြသည့် စာစောင်ပင်ဖြစ်ပါသည်။



## နိုင်ငံတကာတွင် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို တိုင်းတာသည့် ဘတ်ဂျက်ဆိုင်ရာ စာစောင်(၈)စောင်

| | | |
|---|---|---|
| ၁။ | ဘတ်ဂျက်မရေးဆွဲမီ ဖော်ပြချက် | (Pre-Budget Statement) |
| ၂။ | အစိုးရအဖွဲ့မှ တင်ပြသည့် အဆိုပြုလွှာ | (Executive's Budget Proposal) |
| ၃။ | ဥပဒေပြဌာန်းသည့် ဘတ်ဂျက် | (Enacted Budget) |
| ၄။ | နိုင်ငံသားများအတွက် ဘတ်ဂျက် | (Citizen's Budget) |
| ၅။ | နှစ်အတွင်းအစီရင်ခံစာ | (In-Year Report) |
| ၆။ | နှစ်လယ်သုံးသပ်ချက်အစီရင်ခံစာ | (Mid-Year Reviews) |
| ၇။ | နှစ်ပတ်လည် အစီရင်ခံစာ | (Year End Report) |
| ၈။ | စာရင်းစစ်အစီရင်ခံစာ | (Audit Report) |

## မြန်မာ့ဘတ်ဂျက်ပွင့်လင်းမြင်သာမှု

၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အနေဖြင့် ဖော်ပြပါ **စာစောင်(၈)မျိုး**အနက် အမှတ်စဉ် (၂၊၃၊၄၊၅၊၆၊၇) စုစုပေါင်း**(၆)မျိုး**ကို ဘတ်ဂျက်ပွင့်လင်းမြင်သာမှုဆိုင်ရာကြိုးပမ်းမှု တစ်ရပ်အနေဖြင့် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာမှ တစ်ဆင့် ထုတ်ပြန်၍ လည်းကောင်း၊ စာစောင်များပုံနှိပ်၍လည်းကောင်း ပြည်သူလူထုထံ **ထုတ်ပြန်နိုင်ခဲ့ပါသည်**။ ယခု ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ယခင်နှစ်များထက် ပိုမို၍ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို ပြည်သူလူထုထံသို့ ကြိုးပမ်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။



# အပိုင်း(၂)

## ၂၀၁၈-၂၀၁၉ခုနှစ်၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း

### ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် |
|---|---|---|
| **ရငွေ** | **၁၉,၉၄၆** | **၂,၈၅၉** |
| သာမန်ရငွေ | ၁၇,၂၁၉ | *၂,၆၀၄ |
| ငွေလုံးငွေရင်းရငွေ | ၄၀၁ | ၁၀၁ |
| ကြွေးမြီရငွေ | ၂,၃၂၆ | ၁၄၄ |
| **အသုံးစရိတ်** | **၂၄,၇၂၄** | **၂,၈၅၉** |
| သာမန်အသုံးစရိတ် | **၁၇,၅၃၃ | ၈၇၇ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၆,၃၁၄ | ၁,၉၇၂ |
| ကြွေးမြီအသုံးစရိတ် | ၈၇၇ | ၁၀ |
| **လိုငွေ** | **(-) ၄,၇၇၈** | **-** |
| ဂျီဒီပီတန်ဖိုး | ၁၀၆,၀၉၆ | |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၄.၅၀% | |

* တိုင်းဒေသကြီး/ပြည်နယ်ရငွေတွင်ပြည်ထောင်စုမှတိုင်းဒေသကြီး/ ပြည်နယ်များအတွက် လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းအတွက် ကျပ် ၁,၇၉၃.၆၄၅ ဘီလီယံ ပါဝင်ပါသည်။

** ပြည်ထောင်စု၏အသုံးစရိတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများအတွက် ကျပ် ၁,၇၉၃.၆၄၅ ဘီလီယံ ပါဝင်ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရငွေသုံးငွေအခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာနအဖွဲ့အစည်း | ရငွေ | သုံးငွေ | ပိုငွေ (+) / လိုငွေ(-) | စုစုပေါင်း ရငွေပေါ် ပါဝင်မှု ရာခိုင်နှုန်း | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ဖယ်ဒီအဖွဲ့အစည်းများ | ၃၀.၁၄၀.၅၀၄ | ၁၁၇,၇၀၀.၁၉၆ | -၈၇.၅၅၉.၆၉၂ | ၀.၁၅% | ၀.၄၈% |
| | ၁ | နိုင်ငံတော်သမ္မတရုံး | - | ၁၀,၀၅၀.၉၀၁ | -၁၀,၀၅၀.၉၀၁ | - | ၀.၀၄% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၂၄.၀၆၀ | ၁.၉၉၆.၇၄၇ | -၁.၉၇၂.၆၈၇ | - | ၀.၀၁% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁.၈၆၄.၃၉၅ | ၃.၂၉၄.၉၇၇ | -၁.၄၃၀.၅၈၂ | ၀.၀၁% | ၀.၀၁% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၁.၈၉၄ | ၉.၆၈၀.၀၉၀ | -၉.၆၇၈.၁၉၆ | - | ၀.၀၄% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၃၀၀ | ၆.၃၁၀.၈၉၄ | -၆.၃၁၀.၅၉၄ | - | ၀.၀၃% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၃၀၀.၀၀၀ | ၂၈.၅၅၇.၆၇၉ | -၂၈.၂၅၇.၆၇၉ | - | ၀.၁၂% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၅၀ | ၉၁၅.၇၉၅ | -၉၁၅.၇၄၅ | - | - |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး | ၁.၅၀၀ | ၁၀.၂၂၈.၉၂၇ | -၁၀.၂၂၇.၄၂၇ | - | ၀.၀၄% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၉.၃၅၇ | ၃.၁၂၀.၉၈၂ | -၃.၁၀၁.၆၂၅ | - | ၀.၀၁% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၆၃၃.၉၄၈ | ၄.၅၀၄.၁၉၃ | -၃.၈၇၀.၂၄၅ | - | ၀.၀၂% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂၇.၂၉၅.၀၀၀ | ၃၉.၀၃၉.၀၅၁ | -၁၁.၇၄၄.၀၅၁ | ၀.၁၄% | ၀.၁၆% |
| ၂ | | ဝန်ကြီးဌာနများ | ၁၇,၇၀၄.၃၁၀.၅၁၃ | ၂၂,၆၃၃.၀၃၈.၄၀၂ | -၄.၉၂၈,၇၂၇.၈၈၉ | ၈၈.၇၆% | ၉၁.၅၃% |
| | ၁ | နိုင်ငံခြားရေး | ၁.၉၃၀.၀၀၀ | ၅၇.၇၂၈.၄၆၉ | -၅၅.၇၉၈.၄၆၉ | ၀.၀၁% | ၀.၂၃% |
| | ၂ | သမ္မတရုံး | - | - | - | - | - |
| | ၃ | ပြည်ထဲရေး | ၃၉.၈၀၅.၈၆၈ | ၄၃၂,၉၆၀.၆၅၂ | -၃၉၃.၁၅၄.၇၈၄ | ၀.၂၀% | ၁.၇၅% |
| | ၄ | ကာကွယ်ရေး | ၇၁.၄၄၃.၀၇၅ | ၃.၂၆၁.၁၅၅.၆၂၇ | -၃.၁၈၉.၇၁၂.၅၅၂ | ၀.၃၆% | ၁၃.၁၉% |
| | ၅ | နယ်စပ်ရေးရာ | ၂.၉၆၉.၅၈၅ | ၁၂၉.၅၀၈.၉၄၀ | -၁၂၆.၅၃၉.၃၅၅ | ၀.၀၁% | ၀.၅၂% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | - | ၁.၆၃၇.၁၆၂ | -၁.၆၃၇.၁၆၂ | - | ၀.၀၁% |
| | ၇ | ပြန်ကြားရေး | ၈၀,၄၃၉.၄၈၂ | ၁၀၈.၂၁၈.၁၄၃ | -၂၇.၇၇၈.၆၆၁ | ၀.၄၀% | ၀.၄၄% |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | - | - | - | - | - |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂၉.၇၃၁.၀၆၄ | ၃၅.၇၈၄.၇၂၈ | -၆,၀၅၃.၆၆၄ | ၀.၁၅% | ၀.၁၄% |
| | ၁၀ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၅၆၈.၀၄၂.၅၃၇ | ၁.၀၃၇.၃၃၇.၃၂၆ | -၄၆၉.၂၉၄.၇၈၉ | ၂.၈၅% | ၄.၂၀% |
| | ၁၁ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁.၆၀၂,၉၄၀.၆၉၈ | ၁.၃၁၁,၁၂၀.၅၆၂ | ၂၉၁,၈၁၉.၁၃၆ | ၈.၀၄% | ၅.၃၀% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရငွေသုံးငွေအခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာနအဖွဲ့အစည်း | ရငွေ | သုံးငွေ | ပိုငွေ (+) / လိုငွေ(-) | စုစုပေါင်း ရငွေပေါ် ပါဝင်မှု ရာခိုင်နှုန်း | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | ၁၂ | သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၅၄၀,၃၈၄,၄၅၂ | ၃၅၈,၃၅၃,၂၁၇ | ၁၈၂,၀၃၁,၂၃၅ | ၂.၇၁% | ၁.၄၅% |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၅,၁၆၅,၃၂၉,၆၀၇ | ၅,၅၅၀,၆၃၈,၃၁၉ | -၃၈၅,၃၀၈,၇၁၂ | ၂၅.၉၀% | ၂၂.၄၅% |
| | ၁၄ | အလုပ်သမား၊လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၆၀,၃၉၃,၀၄၀ | ၄၂,၆၉၅,၆၃၁ | ၁၇,၆၉၇,၄၀၉ | ၀.၃၀% | ၀.၁၇% |
| | ၁၅ | စက်မှု | ၈၉,၇၀၇,၁၃၈ | ၃၆၉,၉၉၃,၅၅၉ | -၂၈၀,၂၈၆,၄၂၁ | ၀.၄၅% | ၁.၄၉% |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး | ၂၀,၈၀၉,၁၂၂ | ၁၇,၀၃၇,၈၃၅ | ၃,၇၇၁,၂၈၇ | ၀.၁၀% | ၀.၀၇% |
| | ၁၇ | ပညာရေး | ၂၀၅,၀၀၂,၃၉၀ | ၂,၁၇၅,၃၈၀,၆၂၅ | -၁,၉၇၀,၃၆၈,၂၃၅ | ၁.၀၃% | ၈.၈၀% |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၂၀၁,၁၂၆,၁၃၈ | ၁,၁၃၁,၈၀၆,၃၁၄ | -၉၃၀,၆၈၀,၁၇၆ | ၁.၀၁% | ၄.၅၈% |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး* | ၈,၅၂၉,၁၁၈,၀၃၂ | ၅,၇၀၆,၄၇၈,၃၃၆ | ၂,၈၂၂,၆၃၉,၆၉၆ | ၄၂.၇၆% | ၂၃.၀၈% |
| | ၂၀ | ဆောက်လုပ်ရေး | ၄၅၅,၆၈၅,၁၀၀ | ၇၉၀,၁၄၇,၄၉၉ | -၃၃၄,၄၆၂,၃၉၉ | ၂.၂၉% | ၃.၂၀% |
| | ၂၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁၆,၈၉၇,၀၇၂ | ၁၀၁,၂၆၂,၇၃၅ | -၈၄,၃၆၅,၆၆၃ | ၀.၀၈% | ၀.၄၁% |
| | ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၂၂,၅၄၆,၁၁၃ | ၉,၀၄၃,၆၄၄ | ၁၃,၅၀၂,၄၆၉ | ၀.၁၁% | ၀.၀၄% |
| | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | - | ၄,၇၄၈,၀၇၉ | -၄,၇၄၈,၀၇၉ | - | ၀.၀၂% |
| | ၂၄ | အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး | - | - | - | - | - |
| ၃ | | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁,၉၈၂,၉၁၀ | ၁,၃၄၀,၈၇၆ | ၆၄၂,၀၃၄ | ၀.၀၁% | ၀.၀၁% |
| ၄ | | နေပြည်တော်ကောင်စီ | ၁၀၁,၀၀၃ | ၉၁,၀၂၉,၉၆၀ | -၉၀,၉၁၈,၉၅၇ | - | ၀.၃၇% |
| ၅ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၇၄၄,၉၂၄,၈၆၄ | ၅၀၉,၆၈၃,၈၄၆ | ၂၃၅,၂၄၁,၀၁၈ | ၃.၇၃% | ၂.၀၆% |
| ၆ | | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၄၅,၅၀၂,၀၂၅ | ၃၈,၈၉၃,၇၃၈ | ၆,၆၀၈,၂၈၇ | ၀.၂၃% | ၀.၁၆% |
| ၇ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၁,၃၂၄,၈၄၉,၅၃၈ | ၁,၂၉၇,၇၅၈,၆၆၃ | ၂၇,၀၉၀,၈၇၅ | ၆.၆၄% | ၅.၂၅% |
| ၈ | | လူမှုဖူလုံရေးအဖွဲ့ | ၉၅,၀၀၀,၀၀၀ | ၃၄,၅၃၇,၃၅၂ | ၆၀,၄၆၂,၆၄၈ | ၀.၄၈% | ၀.၁၄% |
| | | စုစုပေါင်း (၁+၂+၃+၄+၅+၆+၇+၈) | ၁၉,၉၄၆,၃၂၀,၃၅၇ | ၂၄,၇၂၃,၉၈၃,၀၃၃ | -၄,၇၇၇,၆၆၀,၆၇၆ | ၁၀၀.၀၀% | ၁၀၀.၀၀% |

* စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အသုံးစရိတ်ရာခိုင်နှုန်း ၂၃.၀၈% တွင် နိုင်ငံတော်အနေဖြင့် ကျခံသုံးစွဲရသည့် နိုင်ငံတော်စာရင်း အသုံးစရိတ် ကျပ် ၅,၂၇၅.၆၆၁ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂၁.၃၄% ပါဝင်ပါသည်။ ဝန်ကြီးဌာန၏ အသုံးစရိတ်မှာ ကျပ် ၄၃၀.၈၁၇ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁.၇၄ % သာ ဖြစ်ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ရငွေများခန့်မှန်းချက်

| စဉ် | | အကြောင်းအရာ | ရငွေ (ကျပ်သန်း) | စုစုပေါင်းရငွေတွင် ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | | **သာမန်ရငွေ** | **၁၇,၂၁၉,၂၁၃.၁၆၂** | **၈၆.၃၃** |
| | (က) | အခွန်အကောက်ရငွေ | ၇,၅၇၅,၉၃၄.၂၁၄ | ၃၇.၉၈ |
| | (ခ) | အခြားသာမန်ရငွေ* | ၇၇၀,၁၄၂.၉၆၅ | ၃.၈၆ |
| | (ဂ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ (နိုင်ငံတော်ထည့်ဝင်ငွေ) | ၇၂၁,၅၆၂.၈၁၉ | ၃.၆၂ |
| | (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၅,၈၄၉,၈၁၅.၇၂၂ | ၂၉.၃၃ |
| | (င) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ရငွေ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၁,၁၆၈,၄၄၉.၇၉၀ | ၅.၈၆ |
| | (စ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၇၀၂,၀၆၁.၄၅၄ | ၃.၅၂ |
| | (ဆ) | အတိုးရငွေ | ၈၁,၅၆၇.၁၉၆ | ၀.၄၁ |
| | (ဇ) | ထောက်ပံ့ငွေရငွေ | ၇၀,၆၃၆.၃၉၇ | ၀.၃၅ |
| | (ဈ) | ပြည်ပအကူအညီရငွေ (သာမန်) | ၂၇၉,၀၄၂.၆၀၅ | ၁.၄၀ |
| ၂။ | | **ငွေလုံးငွေရင်းရငွေ** | **၄၀၀,၉၁၇.၇၇၄** | **၂.၀၁** |
| | (က) | ငွေလုံးငွေရင်းရငွေ | ၂၂,၈၇၃.၂၂၀ | ၀.၁၁ |
| | (ခ) | ပြည်ပအကူအညီရငွေ (ငွေလုံးငွေရင်း) | ၃၇၈,၀၄၄.၅၅၄ | ၁.၉၀ |
| ၃။ | | **ကြွေးမြီရငွေ** | **၂,၃၂၆,၁၉၀.၄၂၁** | **၁၁.၆၆** |
| | (က) | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ၁၀၁,၇၁၉.၃၀၇ | ၀.၅၁ |
| | (ခ) | ချေးယူရငွေ | ၂,၁၈၂,၂၈၉.၃၀၃ | ၁၀.၉၄ |
| | (ဂ) | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | ၄၂,၁၈၁.၈၁၁ | ၀.၂၁ |
| | | စုစုပေါင်း (၁+၂+၃) | **၁၉,၉၄၆,၃၂၁.၃၅၇** | **၁၀၀.၀၀** |

* အခြားသာမန်ရငွေများတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ အခြားသာမန်ရငွေနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီနှင့်နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ အခွန်အကောက်ရငွေနှင့် အခြားသာမန်ရငွေများပါဝင်ပါသည်။ အခြားသာမန်ရငွေဆိုသည်မှာ ပစ္စည်းများရောင်းချခြင်းနှင့်ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ဒဏ်ငွေများနှင့် အခြားရငွေများပါဝင်ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေရငွေရရှိမှုရာခိုင်နှုန်း




အခြားရငွေများတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနဦးစီးဌာနများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ရငွေများပါဝင်ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကောက်ခံရရှိမည့်အခွန်ရငွေအပေါ် ပါဝင်မှုရာခိုင်နှုန်း



# ပြည်ထောင်စု၏ အခွန်အကောက်ရငွေ ခန့်မှန်းချက်

(ကျပ်သန်းပေါင်း)

| စဉ် | | အခွန်အမျိုးအစား | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် | ၂,၇၁၂,၆၆၆.၈၈၄ | ၃,၈၆၂,၇၈၅.၉၄၄ |
| | ၁ | ယစ်မျိုးခွန်၊ | ၉၄၀.၃၁၁ | ၁,၀၈၄.၂၇၅ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁,၇၅၂,၄၄၃.၂၃၂ | ၂,၁၂၂,၈၃၈.၅၄၇ |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၅,၀၀၀.၀၀၀ | ၇,၀၀၀.၀၀၀ |
| | ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၄၇,၃၅၆.၂၅၈ | ၁၄၂,၇၈၁.၆၁၂ |
| | ၅ | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊ | ၁၇၀,၅၈၀.၀၀၀ | ၁၂၀,၄၀၀.၀၀၀ |
| | ၆ | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်၊ | ၄၇,၆၈၉.၃၁၂ | ၇၄,၆၃၆.၇၁၉ |
| | ၇ | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၆၄၀.၀၀၀ | ၇၂၀.၀၀၀ |
| | ၈ | ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး၊ | ၇၁၇.၈၄၀ | ၈၆၅.၄၇၅ |
| | ၉ | အထူးကုန်စည်ခွန်၊ | ၆၈၇,၂၉၉.၉၃၁ | ၁,၃၉၁,၄၅၉.၃၁၆ |
| ၂ | | ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက် | ၂,၃၈၂,၀၀၀.၀၀၀ | ၂,၃၂၄,၈၁၆.၃၂၀ |
| | ၁ | ဝင်ငွေခွန်၊ | ၂,၃၈၂,၀၀၀.၀၀၀ | ၂,၃၂၄,၈၁၆.၃၂၀ |
| ၃ | | အကောက်ခွန် | ၄၉၀,၀၀၀.၀၀၀ | ၅၃၀,၀၀၀.၀၀၀ |
| | ၁ | အကောက်ခွန်၊ | ၄၉၀,၀၀၀.၀၀၀ | ၅၃၀,၀၀၀.၀၀၀ |
| ၄ | | နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲသည့်အပေါ်ကောက်ခံသည့် အခွန်အကောက် | ၈၉၆,၃၄၂.၀၀၆ | ၈၅၈,၃၃၁.၉၅၀ |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၁.၄၈၅ | ၁၀.၃၉၂ |
| | ၂ | ရေခွန်၊ | ၉၅.၁၁၈ | ၇၆.၀၀၃ |
| | ၃ | တာတမံခွန်၊ | ၀.၀၂၅ | ၀.၀၂၅ |
| | ၄ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၂,၂၉၆.၇၇၅ | ၅,၁၀၀.၀၀၀ |
| | ၅ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်းတွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | ၃.၈၅၅ | ၄၅.၀၄၈ |
| | ၆ | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၁,၅၀၃.၈၀၀ | ၂,၆၀၇.၀၀၀ |
| | ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၂၇၈,၆၂၃.၀၈၆ | ၄၁၀,၃၁၃.၂၁၂ |
| | ၈ | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၂၇,၁၄၃.၅၄၂ | ၃၀,၃၆၈.၀၀၀ |
| | ၉ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၅၇၆,၂၄၈.၀၀၀ | ၃၉၆,၉၆၃.၈၀၀ |
| | ၁၀ | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊ | ၁၀,၄၂၆.၃၂၀ | ၁၂,၁၉၇.၉၂၀ |
| | ၁၁ | မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူများထံမှ ရရှိသည့်အခွန်၊ | - | ၆၅၀.၅၅၀ |
| | | စုစုပေါင်း | ၆,၄၈၀,၀၀၈.၈၉၀ | ၇,၅၇၅,၉၃၄.၂၁၄ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏သုံးငွေများခန့်မှန်းချက်

| စဉ် | | အကြောင်းအရာ | အသုံးစရိတ် (ကျပ်သန်း) | စုစုပေါင်း အသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | | သာမန်အသုံးစရိတ် | ၁၇,၅၃၂,၉၉၉.၁၂၃ | ၇၀.၉၁ |
| | (က) | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏ အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၆,၆၉၂,၂၂၃.၅၁၉ | ၂၇.၀၇ |
| | (ခ) | အတိုးပေးငွေ | ၁,၄၁၄,၇၃၄.၄၇၉ | ၅.၇၂ |
| | (ဂ) | ထောက်ပံ့ငွေအသုံးစရိတ် | ၂,၁၇၃,၉၁၆.၄၀၃ | ၈.၇၉ |
| | (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၁,၇၅၂,၄၁၂.၅၁၀ | ၇.၀၉ |
| | (င) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း၊ လုပ်ငန်းသုံးရင်းနှီးငွေ) | ၃,၉၆၈,၄၄၀.၂၈၆ | ၁၆.၀၅ |
| | (စ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၁,၀၆၄,၆၄၄.၅၁၄ | ၄.၃၀ |
| | (ဆ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၄၆၆,၆၂၇.၃၇၂ | ၁.၈၉ |
| ၂။ | | ငွေလုံးငွေရင်းအသုံးစရိတ် | ၆,၃၁၃,၈၁၅.၇၆၄ | ၂၅.၅၄ |
| | (က) | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏ အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၄,၇၅၁,၉၉၆.၃၈၆ | ၁၉.၂၂ |
| | (ခ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၁,၁၂၈,၇၅၁.၄၆၇ | ၄.၅၇ |
| | (ဂ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း၊ လုပ်ငန်းသုံးရင်းနှီးငွေ) | ၁၆၉,၃၆၅.၈၂၉ | ၀.၆၉ |
| | (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၂၂၀,၆၄၅.၆၀၈ | ၀.၈၉ |
| | (င) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၄၃,၀၅၆.၄၇၄ | ၀.၁၇ |
| ၃။ | | ကြွေးမြီအသုံးစရိတ် | ၈၇၇,၁၆၈.၁၄၆ | ၃.၅၅ |
| | (က) | ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏ အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ) | ၃၀၀,၇၂၂.၅၆၂ | ၁.၂၂ |
| | (ခ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း) | ၄၁၀,၃၄၁.၇၇၅ | ၁.၆၆ |
| | (ဂ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း၊ လုပ်ငန်းသုံးရင်းနှီးငွေ) | ၁၅၂,၆၃၅.၂၆၈ | ၀.၆၂ |
| | (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ) | ၁၂,၄၆၈.၅၄၁ | ၀.၀၅ |
| | | စုစုပေါင်း (၁+၂+၃) | ၂၄,၇၂၃,၉၈၃.၀၃၃ | ၁၀၀.၀၀ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း




## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း



## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ပအကူအညီရငွေ နှင့် ပြည်ပချေးယူရငွေစာရင်းတို့ဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များ

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန /အဖွဲ့အစည်း | ပြည်ပ အကူအညီရငွေ | ပြည်ပ ချေးယူရငွေ |
|---|---|---|---|
| ၁ | ပြည်ထောင်စုလွှတ်တော်ရုံး | ၇၄၁.၇၅၈ | ၁,၁၁၂.၆၃၇ |
| ၂ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁၉၃.၅၇၉ | ၂၉၀.၃၆၉ |
| ၃ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂၇.၂၀၀.၀၀၀ | - |
| ၄ | ပြည်ထဲရေး | ၆၆၆.၁၂၈ | - |
| ၅ | နယ်စပ်ရေးရာ | ၂.၇၂၀.၀၀၀ | - |
| ၆ | ပြန်ကြားရေး | ၂၀,၃၈၃.၃၂၈ | - |
| ၇ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂၃၀.၀၆၄ | - |
| ၈ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၁၀၆,၁၉၉.၆၄၂ | ၂၉၆,၈၀၂.၀၆၂ |
| ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၅၂,၈၈၄.၇၆၈ | ၅၆၈,၈၀၃.၆၄၂ |
| ၁၀ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀,၅၈၃.၆၅၂ | - |
| ၁၁ | လျှပ်စစ်နှင့်စွမ်းအင် | ၂၅.၃၀၇.၅၉၄ | ၄၀၀,၅၃၈.၄၇၀ |
| ၁၂ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၁၀၀.၀၀၀ | - |
| ၁၃ | စက်မှု | ၄.၅၅၂.၆၀၀ | ၂.၄၄၆.၉၀၇ |
| ၁၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၇၈၈.၈၀၀ | - |
| ၁၅ | ပညာရေး | ၈၄,၄၁၁.၁၀၈ | ၄၁,၇၁၉.၀၁၇ |
| ၁၆ | ကျန်းမာရေးနှင့်အားကစား | ၁၅၂.၃၉၁.၈၀၅ | ၃၅.၅၁၀.၆၂၉ |
| ၁၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၈၄.၃၃၃.၃၇၂ | ၂၄၉.၈၀၂.၄၅၇ |
| ၁၈ | ဆောက်လုပ်ရေး | ၃၆,၂၆၁.၀၉၅ | ၃၄၆,၈၇၁.၆၀၉ |
| ၁၉ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁၆,၈၁၄.၅၈၂ | - |
| ၂၀ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၃,၀၆၉.၈၃၄ | - |
| ၂၁ | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | ၂၇.၂၅၂.၄၅၀ | ၁၅.၆၁၀.၉၆၀ |
| | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** | | |
| ၂၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | - | ၁၃၅.၂၅၃.၇၉၇ |
| ၂၃ | ရန်ကုန်/မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းများ | - | ၂၀.၁၄၅.၉၅၁ |
| | **စုစုပေါင်း** | **၆၅၇,၀၈၇.၁၅၉** | **၂,၁၁၅,၉၀၈.၅၀၇** |

ပြည်ပအကူအညီရငွေဖြင့် သုံးစွဲသည့် အသုံးစရိတ်တွင် **အမေရိကန်ဒေါ်လာ ၃၇၈,၁၃၂,၃၄၉** နှင့် ပြည်ပချေးယူရငွေဖြင့် သုံးစွဲသည့် အသုံးစရိတ်တွင် **အမေရိကန်ဒေါ်လာ ၁,၅၅၅,၇၁၆,၁၁၃** တို့ ပါဝင်ပါသည်။

# အပိုင်း(၃)

# နိုင်ငံတော်၏ ကြွေးမြီအခြေအနေ

## ပြည်တွင်းပြည်ပ ကြွေးမြီလက်ကျန်အခြေအနေ

(ကျပ်ဘီလီယံ)

| | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (၆) လ |
|---|---|---|---|---|---|---|
| ပြည်တွင်းကြွေးမြီ | ၁၂,၀၁၄ | ၁၂,၄၈၇ | ၁၅,၇၂၄ | ၁၈,၀၂၀ | ၂၀,၇၂၅ | ၂၂,၂၈၇ |
| ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်း | ၂၀.၃% | ၁၈.၉% | ၂၁.၄% | ၂၂.၂% | ၂၂.၉၁% | ၂၃.၆၄% |
| ပြည်ပကြွေးမြီ | ၉,၅၆၁ | ၉,၅၄၅ | ၁၂,၂၄၆ | ၁၀,၈၄၁ | ၁၃,၉၇၄ | ၁၃,၂၆၃ |
| ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်း | ၁၆.၁% | ၁၄.၄% | ၁၆.၇% | ၁၃.၄% | ၁၅.၄၅% | ၁၄.၀၇% |
